ပြူ။ ။ခေါင်းပြူကြည့်သည်။ ပြူထွက်လာသည်။ ပြူလူမျိုး။

---

ပျူး။ ။ပျံ့ပျူးသည်။ပျံ့ပျူးချိုမြွေ။

ပြူး။ ။မောင်ပြူး။မျက်စိပြူးသည်။ပြူးတူးပြဲတဲ။

---

ပျော။ ။ငှက်ပျောပင်။

ပြော။ ။ဝပြောသည်။စကားပြောသည်၊ ဖြန့်ပြောသည်။ အပြောကျယ်စွာသော မဟာသမုဒ္ဒရာ။ ပြောစည်တီးသည်။ အပြောကြီးသည်။

---

ပျို။ ။ငှက်ပျိုသည်။ ဘုန်းကြီးပျို။ မိန်းမပျို။ ရတ်ပျို။ ဘိုပျို။ ပန်းရန်ပျို။

ပြန်။ ။သွား၍ ပြန်သည်။ အသွား အပြန်။ လက်ပြန်။ နောက်ပြန်။ အပြန် အလှန်။ စကားပြန်သည်။ စားမြို့ ပြန်သည်။ သွားလာပြန်သည်။ ဖောက်ပြန်သည်။

---

ပျို့။ ။စိတ်ပျို့လှုင်တတ်သော ဆယ်နှစ်ရှယ် (ဒိန္နာဒသက)။ "မွေးပျို့မသုံး နှလုံးမွေလျော်ဘွယ် ရှိသောအိုင်ကြီး။" "သင်းသင်းပျို့မွေးသောတော အရေး၏ တင့်တယ်ခြင်း။" "သတင်းပျို့နှံ့ အခန့်မသိကျော်အောင်။"

ပြန့်။ ။ပြန့်၍ပြန့်သည်။ပြန့်ပြောစည်ပင်သည်။သန့်သန့် ပြန့်ပြန့်။

---

ပျား။ ။"ယင်းပျားအပေါင်းတို့ ပျံလေပြီးသော မရုတ် ပျားအုံကဲ့သို့။" ပျားရည်။ ပျားသကာ။

ပြား။ ။ပျဉ်ပြား။ပိုက်ဆံတပြား။"ရွှေနှစ်ပြားကို ဂပော ထပ်၍စပ်သကဲ့သို့" ဒိပြားသေပပ်သည်။ ဆန်းပြားသည်။ စိတ်တွေပြားသည်။ ချားပြားသည်။ ပြားနေသည်။ အထူးထူး အပြားပြား။

---

ပျက်။ ။အဖြစ်အပျက်။ လူပျက်။ ပျက်စီးသည်။ ပျက်ကွက်သည်။ ပျောက်ပျက်သည်။ ပျက်သိသိ၊ ပေါ့ပျက်ပျက်။

ပြက်။ ။ပြိုးပြိုးပြက်။ ပြက်ပြက်ထင်ထင်။ လျှပ်စစ်ပြက်သည်။ ပြက္ခဒိန်။ ပြက်ရယ်ကျီစယ်သည်။

---

ပျင်။ ။သံပျင် (ရွာများစွာကို အုပ်ထိန်းရသော) အမတ်။

ပြင်။ ။ဘိုပြင်၊ ငင်းပြင်။ အတွင်းအပြင်။ ပုံပြင်။ အသွင်အပြင်။ ကြမ်းပြင်။ မြေပြင်၊ လွင်ပြင်။ မင်းရင်ပြင်။ ပြင်ဆင်သည်။ "ပွဲပြင်နိဗ္ဗူ၊ ကွပ်ဆုံးမသား"။ ပြုပြင်သည်။

ပျဉ်။ ။ကျောက်ပျဉ်။ အင်းပျဉ်၊ ပျဉ်ပြား။ အပျဉ်အခဲ။ သရက်ပျဉ်။ ပိန္နဲပျဉ်။

---

ပျင်း။ ။ပျင်းရိသည်။ "လူပျင်းလို့ လတခဏ။" ပြိန်ပျင်းသောစကား(သမ္ဖပ္ပလာပဝါစာ)။

ပြင်း။ ။ပြင်းထန်သည်။ ကြီးပြင်းသည်။ ပြင်းပြစွာ။

ပျဉ်း။ ။ပျဉ်းမပင်။ ပျဉ်းမနားမြို့။ နွားပါးပျဉ်း။

---

ပျစ်။ ။သက်ငယ်ပျစ်သည်။ စပျစ်သီး။

ဖြစ်။ ။အဖြစ်ဒဏ်။ ရုပ်ဖြစ်ရှစ်ပါး။ ဖြေဖြေဖြစ်ဖြစ်။ ဖြစ်ပွားသည်။ အဖြစ်ရောက်သည်။
ပစ်။ ။ဓွန့်ပစ်သည်။ ခဲ စသည့် တရချဖြင့် ပစ်သည်။ သတ်ပစ်သည်၊ ဖဲကြည် ပစ်ခွာ ချန်လှပ်ထား ကြောင်း(အပါဒါန်)။

---

ပျပ်။ ။ပျပ်ဝပ်ကျိုးနွံသည်။ ခပ်ပျပ်ပျပ်(ခပ်ပုပု)။
ဖြတ်။ ။အစဉ်မဖြတ်။ ဗုတ်ဖြတ်။ဖြတ်သားသည်။ ဖြတ် ကင်းသည်။ရိက္ခာဖြတ်သည်။ ထားဖြတ်သည်။ မင်းဆက်ဖြတ်သည်။
ဖြာသ်။ ။ဖြာသာဒ်။

---

ပြုတ်။ ။ချက်ပြုတ်သည်၊အစပြုတ်သည်။ပြုတ်ပြုတ် ပြန်း သည်။
ပြုပ်။ ။ဘားပြုပ်။

---

ပျောက်။ ။ပျောက်ဆုံးသည်။ပျောက်ပျက်သည်။အသေအ ပျောက်နည်းပါးစေ။
ပြောက်။ ။ပန်းပြောက်။နေပြောက်။ ပြောက်ပြောက်ကျား ကျား။ မှဲ့မည်းပြောက်ကျား။

---

ပျောင်း။ ။ပြော့ပျောင်းသည်။ ညွတ်ပျောင်း သည်။ ညွန် ပျောင်း။

ပြောင်း။ ။ရွှေ့ ပြောင်းသည်။ ဘဝ ပြောင်း သည်။ ပြန်ပြောင်းပြောဆိုသည်။ ပြောင်းပြန် လှန်သည်။ ပြောင်းလဲသည်။ အမြောက်နှင့်ပြောင်း။

---

ပျို။ ။လူပျိုအပျို။နုပျိုသည်။ပျိုပျိုရွယ်ရွယ်။ နုနယ်ပျိုမျစ်။

ဖြို။ ။ဖြိုဖျက်သည်။ လဲဖြိုသည်။ ဖြိုကွဲသည်။

---

ပျိုး။ ။စိုက်ပျိုးသည်။ပျိုးကြဲသည်။ပျိုးပင်။

ဖြိုး။ ။ဖြိုးဖြိုးဖြက်။ ဖြိုးဖြွမ်းသော စကား။

---

ပြုန်း။ ။ပြုန်းတီးသည်။ ပျက်ပြုန်းသည်။ ပြုတ်ပြုတ်ပြုန်းသည်။

ပြို။ ။ရွှင်ပြိုးသည်။ တောင်ပြိုးပွဲ။

---

(ပုံ၊ပွတ်၊ပွန်၊ပွန်း၊ဗိမ်၊ဗိန်း၊ဖြိုး၊ပြု၊ပြေ၊ပြေး၊ ပွေ၊ ဖြဲ့၊ဖြဲ၊ ပြော့၊ ပျော်၊ ပြွတ်၊ ပြွန်၊ ပြွမ်း၊ ပြယ်၊ ပြိတ်၊ ပြိန်၊ ပြိန်း၊ ပြောင်၊ ဖြိုက်၊ ဖြိုင်၊ ဖြိုင်း၊ ပျို၊ ဖြို—တို့တွင် မှားယွင်းစေတတ်သော ဆင်တူစာလုံးပေါင်းများကို အသုံးမပြုချေ။)

—————၀၀၀—————

## ဖ

ဖဲ။ ။ဖဲလာကန့်လန့်၊အာဏာဖဲဆန်သည်။

ဖည်။ ။သွေး ချောင် ဖည် သည်။ "မြွေအိုးစည်လွယ်၊ လိမ်ဖည်ဖည်တီးပါလို့။"

---

ဖီး။ ။ငှက်ပျောတဖီး။ "ဖီးဖီးဝဝ၊ သားလှသမင်၊ ဆုဖြိုးအင်ကို။"

ဖြီး။ ။ခေါင်းဖြီးသည်။ ကောက်ကန်းဖြီးသည်။

ဖြည်း။ ။ဖြည်းညှင်းစွာ၊ တဖြည်းဖြည်း၊ ဖြည်းဖြည်း လုပ်ကိုင်ပါ။

---

ဖတ်။ ။ပေါက်ဖတ်။ ကွမ်းဖတ်။ ဟင်းဖတ်။ ဖတ်ဖတ် လုံသည်။ အဖတ်တင်သည်။ ဝါဖတ်သည်။

ဖပ်။ ။နှဲ့နှဲ့ဖပ်ဖပ်။

---

ဖေါင်။ ။ဖေါင်ဖွဲ့စွာချီ။

ဖွတ်။ ။ဖွတ်တီရှုခွန်။ တဖွတ်ဖွတ် မြည်သည်။

ဖွပ်။ ။လျှော်ဖွပ်သည်။ ခေါ်ဖွပ်သည်။ ပျားဖွပ်သည်။ ဆန်ဖွပ်သည်။

---

ဖုတ်။ ။ဖုတ်သည့် ကင်သည်။ ဖုတ်ကြွင်းသင်္ချိုဟ်။

ဖုသ်။ ။ဖုသံရထား။

---

ဖုန်း။ ။ဖုန်းဖုန်းမြည်သည်။

ဖုံး။ ။ဖိတ်ဖုံးသည်။ စပါးဖုံးသည်။ ဖုံးအုပ်သည်၊ ဖုံးလွှမ်းသည်၊ ဆင်ခြေဖုံးအရပ်။

---

ဖို။ ။မီးဖို။ ပန်းဘဲဖို။ ထီးဘဖို။

ဖိုလ်။ ။မဂ်ဖိုလ်နိဗ္ဗာန်။ ဖိုလ်လေးတန်။

---

ဖျ။ ။ဖျောင်းဖျသည်။

ဖြ။ ။ဝန်းရံဖြဖြ။ ဖြဖြလိုက်လံ။

---

ဖျာ။ ။ဖျာခင်းပါ။ ကျောက်ဖျာ။ နှီးဖျာပါ။

ဖြာ။ ။မြစ်နှစ်ဖြာ။ အကျိုးလေးဖြာ၊ အဖြာဖြာသွယ်တန်းသည်။ "စီရရီဖြာ၍တည့်ကုန်၏။"

---

ဖျူး။ ။မီးမယ်ဖျူး (မီးလင်းဖို)။

ဖြူး။ ။သင်ဖြူး။ သဲဖြူးသည်။ ဖြန့်ဖြူးသည်။

---

ဖျုံ။ ။ဖျုံကောင်။ ဖျုံပင်။ လက်ဖျုံရိုး။

ဖြန်။ ။နက်ဖြန်။ ဖြေဖြန်သည်။

---

ဖျား။ ။အထွန်အဖျား။ ခြေဖျားလက်ဖျား။ သစ်ပင်ဖျား။ ရှေးဦးရှေးဖျား။

ဖြား။ ။လှည့်ဖြားသည်။ ဖြားယောင်းသည်။ ယုယမိုက်ဖြားသည်။

---

ဖျင်။ ။ဖျင်ပိတ်။ "မှိုင်းလုံးရွှေဖျင် အမျှားထည့်သွတ်၍။" "အမျက်သည်းလွန်၊ တဖျင်သန်လျက်"။ "ထက်အောက်တွင်းပြင်၊ မွမ်းဖျင်အပြည့်။"

ဖျဉ်။ ။ဖြေဖျဉ်သည်။

---

ဖျင့်။ ။"တဖျင့်တပါး၊ ရယ်ဘွယ်များခဲ့။"

ဖြင့်။ ။စားပွဲကိုသစ်သားဖြင့်လုပ်သည်။ သူ့ဆေးဖြင့်လူနာ ချမ်းသာသည်။ သူသွား၍ဖြင့် ကျွန်ုပ်မသွား။

---

ဖျင်း။ ။စပါးအဖျင်း။ လူဖျင်း လူညံ့။ သိမ်ဖျင်းသည်။

ဖျဉ်း။ ။ဖျဉ်းအိုး။ ဖျဉ်းရောဂါ။ စပ်ဖျဉ်းဖျဉ်းနေသည်။

---

ဖျစ်။ ။လက်ဖျစ်တီးသည်။ လက်နှင့်ဖျစ်ထားပါ။ တဖျစ်ဖျစ်ဆုံးမ၏။

ဖြစ်။ ။အဖြစ် အပျက်။ ပြုခြင်းဖြစ်ခြင်း။ ဖြစ်မြောက်သည်။

---

ဖျတ်။ ။ဖျတ်ဖျတ်လတ်လတ်။ ဖျတ်ဖျတ်လူး။ ဖျတ်ဖျတ်မြည်။

ဖြုတ်။ ။ပိုင်းဖြုတ်သည်။ဆုံးဖြုတ်သည်။ ဖြုတ်လမ်း။

---

ဖျန်း။ ။ရေဖျန်းသည်။ ကြံဖျန်းသည်။

ဖြန်း။ ။ကမ္ဗ္ဗာန်းစီးဖြန်းသည်။ ဖြန်းဖြန်းကွဲသည်။

---

ဖျောက်။ ။ဖျောက်ပစ်သည်။ ဖျောက်ဖျက်သည်။ ဖျောက်ဆိပ်ကြွယ်။ပယ်ဖျောက်သည်။

ဖြောက်။ ။ဖြောက် ဖြောက် ဖြည်သည်။ ပေါက် ပေါက် ဖြောက်သည်။

---

ဖျိုး။ ။ဖျိုးဖျိုးဖြောက်ဖြောက်။ဖျိုးဖျိုးဖြုန်းဖြုန်း။

ဖြိုး။ ။မောက်ဖြိုးသည်။ ဖွံ့ဖြိုးသည်။ ဝဝဖြိုးဖြိုး။

---

(ဖိ။ဖဲ့။ဖေး။ဖန်။ဖန့်။ဖန်း။ဖွံ့။ဖိတ်။ဖိမ့်။ဖိန်း။ ဖုတ်။ ဖုံ။ ဖြူ။ ဖြေ။ဖြဲ။ဖြော။ ဖြော့။ ဖျော်။ ဖျက်။ ဖြည့်။ ဖြန့်။ ဖြုတ်။ ဖြောင်။ ဖြောင့်။ ဖြိုင်။ ဖြို။ ဖြို။ ဖြို့။ ဖြုန်း—တို့တွင် မှားယွင်း စေ တတ်သော ဆင်တူစာလုံးများကို အသုံးမပြုချေ။)

—o()o—

## ဗ—ဘ

ဗ။ ။ဗလ။ ဒိဗ္ဗစက္ခု။ ဒဗ္ဗနာမ်။ ဗညားလော(ကျန်း)။

ဘ။ ။လာဘ။ ဥသဘ။ အဘ။

---

ဗာ။ ။ဗာလဝါဏိဇ။ ဗာလနံ။
ဘာ။ ။သုဘာသိတာ။ ဘာသာ။ ဩဘာ။

---

ဗိ။ ။ဗိမာန်။ ဗိသုကာ။
ဘိ။ ။သွားဘိ၏။ ဘိသိက်။ ရာဇဘိသေက။

---

ဗီ။ ။ဗီဇနာ။
ဘီ။ ။တိမ်းဘီတိမ်းပါး။ သရေဘီပင်။

---

ဗု။ ။ကိုလမ္ဗု (Columbus.)။
ဘု။ ။မြတ်စွာဘုရား။ ဘုခင်။

---

ဗူ။ ။ဇမ္ဗူဒိပါ။ ဇမ္ဗူဒိပ်ကျွန်း။
ဘူ။ ။ဘူရိဒတ်ဇာတ်တော်။

---

ဗေ။ ။ဗေဒင်သုံးပုံ(သာမ။ ယဇု။ ဣရုဗ္ဗု)။
ဘေ။ ။အဘေ။ ဘေလုံး။

---

ဗတ်။ ။"ဗတ်ဗတ်အသံ၊ ကြားရပြန်မှ"
ဘတ်။ ။ဝိဘတ်။ လက္ခဏာဘာဘတ်ပုဏ္ဏား။ ပဘာဘတ်ခန်း။
ဘဒ်။ ။မဟာသုဘဒ္ဒါ။ စူဠသုဘဒ္ဒါ။

---

ဗန်။ ။"သမ္ဗန်ပါဠိ လျောက်။ ရှေ့နောက်မညီ။" လှော
သမ္ဗန်။ ဗန္ဓသကုဏာနတ် (နှောင်ဖွဲ့ အပ်သော
ငှက်တို့ဖြင့် ပူဇော်ရသောနတ်)။

ဗာန်။ ။နိဗ္ဗာန်။ ပရိနိဗ္ဗာန်။
ဘဏ်။ ။ကုမ္ဘဏ်ယက္ခ။ ဘဏ်တိုက်။ ဘဏ္ဍာ။
ဘာန်။ ။ပဋိဘာန် (ထင်မြင်ခြင်း ဉာဏ်ပညာ)။
ဘန်။ ။ခွဲခြမ်းဝေဘန်သည်။ သဘ္ဘရဘန်တောင်။

---

ဗန်း။ ။ဗန်းမော်မြို့။
ဘမ်း။ ။ဘမ်းဆီးသည်။ဘမ်းစားသည်။

---

ဗုဒ္ဓ။ ။သမ္မာသမ္ဗုဒ္ဓဿ။ ဗုဒ္ဓ။
ဘုတ်။ ။ဘုတ်ငှက်။ နတ်သုဓာဘုတ်။ မဟာဘုတ်။

---

ဗိုလ်။ ။စစ်သည်ဗိုလ်ပါ။ ရဲဆိုးဗိုလ်ရွာ။ ဗိုလ်ခြေ။
ဘို။ ။ရွှေဘိုမြို့။

---

ဗိမ်။ ။ဗိမ္ဗသာရ (ရွှေပိုင်ရွှေနှစ်နှင့် တူသောမင်း)။
ဗိန်။ ။ဗိန္ဒု (အစက်)။
ဘိန်။ ။အသမ္ဘိန္န (မပြိုမကွဲအမြဲခိုင်မာခြင်း)။

---

ဘုံ။ ။လူ့ဘုံနတ်ဘုံ။ ဘုံဗိမာန်။

ဘုမ်။ ။သုဝဏ္ဏဘုမ္မိ (သထုံမြို့)။

---

(ဗန့်။ ဗျ။ ဗျူ။ ဗြ။ ဗျည်း။ ဗျိုင်း။ ဘွတ်။ ဘိတ်။ ဘုန်း။ ဘျမ်း—တို့တွင် မှားယွင်းရေးတတ်သော ဆင်တူ စာလုံးပေါင်းများကိုအသုံးမပြုချေ။)

—————oOo—————

## မ

မက်။ ။ပုံမက်သည်။ တပ်မက်သည်။ မက်မောသည်။ အိပ်မက်သည်။

မဂ်။ ။မဂ်တရား။မဂ်လေးပါး။

---

မည်။ ။အမည်။ သွားမည်။ သွားလိမ့်မည်။ ကရော်ကမည်ပြုသည်။ဤမည်သော။ အဘယ်မည်သော။ ဝေဿန္တရာ မင်းကြီး၏ သားတော်သည် ရွှေကွန်ရက်ဖြင့်ခံ၍ သွားသောကြောင့် "ဇာလိ" မည်၏။

မြို့။ ။ကျေးမြို့။ မြို့ရှင်မြို့စား။

မြည်။ ။မြည်တန်းသည်။ တောက်တီးမြည်တွန်သည်။ အသံမြည်သည်။ စကားစမြည်ပြောပါဦး။

မျည်။ ။ဥပါယ်တမျည်။

---

မည့်။ ။သွားမည့် လာမည့်သူ။ "ကြာကြာဝါးမည့်သွား အစိုးကြည့်ရှောင်။"

မြည့်။ ။ခေွးမြည့်သည်။

---

မဲ။ ။အမဲဟင်းလျာ၊ မဲဇာ၊ အရပ်။ မောင်းမဲသည်။ ရိုက်မဲသည်။

မည်း။ ။မည်းသောအရောင်။ ခမည်းတော်။ ခမည်းလိုသည်။ ရမည်းသင်းမြို့။

---

မှဲ့။ ။မျက်ရည်ခံမှဲ့။ မှဲ့ရှင်။ မှဲ့မည်းပြောက်ကျား။

မှည့်။ ။အစိမ်းအမှည့်။ နာမည်မှည့်သည်။ သစ်နက်ရေပုဆိုးဖြင့်ခံသောကြောင့် "ကဏ္ဍာဖိန့်" ဟု မှည့်ခေါ်သည်။ "အပင်မှ ကျကြွေ၍ မြေ ပြင် သို့ ရောက်သော သရက်သီးမှည့် ကဲ့သို့။"

---

မန်။ ။မန္တဒေဝီ။ မန္တရာဇ်ပြည်။

မတ်။ ။မတ်(လင်၏ညီ၊ ညီမ၏လင်)။ ရာဇမတ်။ မှူးမတ်။ မတ်စေ့။ တမတ်။ ဖြောင့်မတ်။ တည့်မတ်။ မတ်တတ်ရပ်သည်။

မာသ်။ ။သမာသ်နာမ်။ သမာသ်ပုဒ်။ အပဋ္ဌာနသမာသ်နာမ်စား။

---

မံ။ ။စိမံသည်။ မွမ်းမံသည်။ ထပ်မံပြုလုပ်ပါ။

မန်။ ။သံတမန်။ လူသာမန်။ ငရမန်။ ဆောင်းဟောမန်။ မန်ကျည်းပင်။ ဟနုမန်။ ပန်းမန်ဥယျာဉ်။ ယမန်နေ့။

မာန်။ ။မာန်မာန။ ဗိမာန်။ "စောင်းမာန်မဲ့ဆုံး၊ တော်ဖြောင့်သုံး၍။" "အမျိုးမာန်ဖြင့်ယစ်သည်။"

မာရ်။ ။မာရ်နတ်။မာရ်ငါးပါး။

---

မန်း။ ။သမန်းမြက်။ယက်မန်းရည်။မန်းမှုတ်သည်။

မာန်း။ ။အညသမာန်းစေတသိက်။

---

မွန်း။ ။ရေမွန်းသည်။မွန်းထည့်သည်။ မွန်းနေသည်။

မွမ်း။ ။ချီးမွမ်းခြင်း (ပသံသ) မွမ်းမံ သည်။ သိမ့်သိမ့်မွမ်းသည်။

---

မှန်။ ။အမှန်အမှား။ ချက်မှန်။ မှန်ကြေးရုံ။ "ခဲမှန်ဘူးသည့်စာငယ်။" မှန်ကင်း။ဟုတ်မှန်သည်။မှန်မှန်။ အမှန်။

မှာန်။ ။ဂိမှာန်(နွေကာလ)။

---

မွှန်း။ ။ပျံမွှန်းဩဘာ။

မွှမ်း။ ။သူငါးကိုမွှမ်းနေသည်။

---

မိတ်။ ။မိတ်ဆွေ။ နိမိတ်။ ပုဗ္ဗနိမိတ်။
မိဒ်။ ။ဂေါမိဒ်ကျောက်။

---

မိန့်။ ။သုခမိန့်။ မိန့်ရာသီ။ သမိန့်စောထွတ်။
မြိန်။ ။စား၍ မြိန်သည်။ စားမြိန်စာထုပ်

---

မုက်။ ။အာဒါသမုက်မင်း။ အဋ္ဌမုက်အင်း။
မုဒ်။ ။"ကောင်းကင်သမုဒ်၊ တောအုပ်မကျွန်။" သမုဒ္ဒရာ။
မု။ ။ငှက်ခတ်မုဆိုး။ စေတမုဆိုး။ မုချ။
မုတ်။ ။တံခါးမုတ်။ ဆံမုတ်ဆိတ်။ မုတ်ဆိုးဘို။ မုတ်ဆိုးမ။ ခေါ်ဝေါ်သမုတ်သည်။ သိမ်သမုတ်သည်။

---

မုန့်။ ။မုန့်ညင်းပင်။ လေမုန်တိုင်း။ အမုန် ယစ်သော ဆင်ပြောင်။
မုံ။ ။မှန်ကြေးမုံ။ မုံရွာမြို့။

---

မှုန်။ ။မြူမှုန်မြေမှုန့်။ မျက်စိမှုန်သည်။ မှုန်တေတေ။
မှုံ။ ။ပန်းဝတ်မှုံ။

---

မို။ ။ပိုမိုသည်။ မိုမောက်သည်။
မိုရ်။ ။မြင်းမိုရ်တောင်။

---

မိုး။ ။အိမ်၏အမိုး။မိုးကာသည်။မောင်မိုး။
မိုးယှဉ်း။ ။မိုးယှဉ်းတွင်း။မိုးယှဉ်းလင်း။မိုးယှဉ်းကောင်းကင်။မိုးယှဉ်း ရှုသည်။

---

မြီး။ ။တိရစ္ဆာန်အမြီး။သားမြီးယပ်။မြီးထူး။
မြည်း။ ။မြည်းတကောင်။ ဟင်းမြည်းကြည့်ပါ။
မျည်း။ ။ညှောင်းညာငိုက်မျည်းသည်။

---

မွေ့။ ။အမွေ့အနှစ်။ ထီးမွေ့နန်းမွေ့။ အမွေ့ရသည်။
မြွေ။ ။မြွေပါ။စပါးကြီးမြွေ။ ဖဲလင်းမြွေပင်။

---

မျှော။ ။မျှော်မျှောသည်။
မြော။ ။နှမြောဖွယ်မကောင်းသည်။ လူနာမြောနေသည်။

---

မျှော်။ ။ရှုမျှော်သည်။မျှော်ကြည့်သည်။ကလေးအစားကို မျှော်နေသည်။ မျှော်တော်စင်။
မြော်။ ။မြော်လင့်။ မြော်မြင်။ မြော်ခေါ်။ ဖူးမြော်။ မြော် တွေး။မြော်တမ်း။ မြော်ချင့်သည်။

---

မြံ။ ။မြဲမြံခိုင်ခံ့သည်။
မြန်။ ။အနှေးအမြန်။ လျင်မြန်စွာ။ ခြေမြန်တော်သား။ မြန်မာပြည်။မြန်ဆန်သည်။

---

များ။ ။များ။ တို့။ များတို့=ဟူသော ဗဟုဝုစ်ပစ္စည်း။ အများအနည်း။ ပေါများသည်။

မြား။ ။ပတ္တမြား။ အမြောက်အမြား။ ထိမ်းမြားခြင်း။

---

မျှား။ ။ငါးမျှားချိတ်။ ငါးမျှားသည်။ တဖြည်းဖြည်းမျှားခေါ်ပါ။

မြှား။ ။လေးမြှား။ အဆိပ်လူးသောမြှား။ မြှားနှင့်ပစ်သည်။

---

မျက်။ ။မျက်စိ။ ကျောက်မျက်ရတနာ။ "ထားဖျက်ဝါးမျက်။" ကွပ်မျက်သည်။ အမျက်ဒေါသ။

မြက်။ ။မြက်ပင်။ ဥာဏ်ထက်မြက်သည်။ တန်မြက်စဉ်း။

---

မြင်း။ ။မြင်းတကောင်။ မြင်းမိုရ်တောင်။ အပေါင်းအမြင်း။

မျဉ်း။ ။မျဉ်းတံ။ မျဉ်းဆွဲသွားသည်။

---

မျစ်။ ။နုနယ်ပျိုမျစ်။

မြစ်။ ။သစ်မြစ်။ မြေးမြစ်။ မြစ်ချောင်း။ တားမြစ်သည်။

---

မျောက်။ ။မျောက်တိရစ္ဆာန်။ မျောက်သား။ မျောက်သားတော်။ မျောက်မ-မထားရ။

မြောက်။ ။မြောက်အရပ်၊ အမြောက် လက်နက်၊ တတ်မြောက်သည်၊ ပြီးမြောက်သည်၊ ဝမ်းမြောက်သည်၊ မြောက်အောင် မြှောက်ပါ။

---

မျိုး။ ။အမျိုးမျိုး။ မျိုးစေ့၊ သွေးမျိုး။ အမျိုးအနွယ်။
မြိုး။ ။မြိုးမြိုးမြက်မြက်။

---

(မယ်၊ မဲ့။ မွတ်။ မှတ်။ မွှတ်။ မွန်။ မှန်း။ မွှန်။ မွှန်း။ မှိတ်။ မှိန့်။ မိန်း။ မှိန်။ မှိန်း။ မှုတ်။ မုန့်။ မုန်း။ မှုန့်။ မှုန်း။ မြ။ မြှာ။ မြွှာ။ မျှ။ မြူ။ မြူ့။ မြူး။ မြေ။ မြေ့။ မြေး။ မြွေး။ မြဲ။ မြွော့။ မျှော။ မြှော့။ မြွက်။ မြင်။ မြင့်။ မျှင်။ မြှင့်။ မျှင်း။ မျှစ်၊ မြှတ်။ မြှန်း။ မြိတ်။ မြုပ်။ မြှုပ်။ မြှောက်။ မြောင်။ မြောင်း။ မြှောင်။ မြှောင့်။ မြိုက်။ မြှိုက်။ မြိုင်။ မျိုး။ မြိုး။ မျှို့။ မြို့။ မှို့။ မြုံး။ — တို့တွင်မှားယွင်းစေတတ်သော ဆင်တူ စာလုံးပေါင်းများကို အသုံးမပြုချေ။)

---

# ယ - ရ

ယ။ ။ယတြာ။ ယဇ္ဇဗေဒင်။ ယမိုက်ကျွမ်း၊ ယမိုက်ပြာ ဋိုဟာ။ ယမုနာမြစ်၊ ယနေ့၊ ယခု၊ ခယသည်၊ ယုယသည်။
ရ။ ။ဘဏ္ဍာရ။ ရတု၊ ရကန်။ ရသေ့ရဟန်း။ ရန့်။ အရသာ။ ရထား။ ငရမန်။ တရုရုရသည်။ နောင်တရသည်။ အားရသည်၊ စားရသောက်ရကုံ။

---

ယာ။ ။မာယာ။ကြိယာ။ဥယျာဉ်လယ်ယာ။ယာစကာ။ ယာဂု။ပစ္စယာ။တုရိယာ။ယာမာနတ်ပြည်၊မဟာ မာယာ။ ဣရိယာပုထ်။ ယာယီ။သာယာသည်။

ရာ။ ။အိပ်ရာ။ နေရာ။ ကိန္နရာ။ ရာဟုလာ။အကြောင်း အရာ။ရာထူး။တာရာ။တရာနှစ်ရာ။ ရာဟုဂြိုဟ်။ ဆရာ။ သံသရာ။ သွားရာလာရာသည်။ သနား စရာ။ ကဗျာကရာ။

---

ယဉ်။ ။ယာယဉ်တဲနန်း။

ရီ။ ။နာရီ။ဈေးအထက်ကာရီ။စာမရီဌက်။တနင်္သာရီ။ “မှိုင်းမှုန်ပြာညိုရီမှောင်ဝေ။” ကသိကရီ။ဒေသ စာရီလှည့်သည်။

ရည်။ ။မျက်ရည်။နို့ရည်။ ပျားရည်။ ရုပ်ရည်သဏ္ဌာန်။ ရည်ရွယ်သည်။ ရည်ရူးသည်။ “ရည်တူမန္နန်း ရေသော။”

---

ရယ်။ ။ရယ်မောသည်။ ဒရယ်။

ယာယ်။ ။ပရိယာယ်မာယာဖြင့် ဖြားယောင်းသည်။

ရာယ်။ ။ဘေးအန္တရာယ်။

---

ယု။ ။ယုယသည်။ယုယုယယ။နယုပဒေသ။

ရု။ ။ခရု။ ခရုသင်း။ ဂရုပြုသည်။

---

ယူ။ ။ယူငင်သည်။သိမ်းယူသည်။အယူဝါဒ။ယူဇနာ။
ရူ။ ။ရှေ့တရူရူ။ရူပါရုံ။

---

ယေး။ ။ယေး။ မြိတ်။ ထားဝယ်။
ရေး။ ။အရေးအရာ။ အရေး အကြောင်း။ စာရေးစာချီ။ စာရေးသည်။ "ရေ့ရေ့တွေး၊ရေးရေးပေါ်။"

---

ယဲ့။ ။ယဲ့ယဲ့သာကျန်ဘော့သည် (ပျက်စီးခါနီးဖြ)။
ရဲ့။ ။ကဲ့ရဲ့သည်။ မင်းသိရဲ့လား။

---

ယော။ ။ရေယောစပါး။ ယောလုံချည်။
ရော။ ။ရောဂါ။ ရေးသရော အခါ။ အရော ဝင်သည်။ ရောနှောသည်။ ရက်ရောသည်။

---

ယံ။ ။ကမ်းယံလူမျိုး။ ကောင်းကင်ယံ။ ယားယံသည်။
ရံ။ ။အခြံအရံ။ အိမ်နံရံ။ ခြွေရံ ပရိသတ်။ ကိုယ်ရံတော်သား။ဝန်းရံသည်။ တခါတရံ။ ရံခါရံခါ။

---

ယန်။ ။နန်းဝေယန်။ ဝေဇယန္တာနန်း။

ရန်။ ။ရန်သူ။ခိုက်ရန်ဖြစ်ခိုက်။ပန်းရန်။ ရန်တပိုစာချုပ်။ စားရန် သောက်ရန် ဟူသော ကိတ် ကြိယာ ပစ္စည်း။ ရန်ဖြစ်သည်။

| | |
|---|---|
| ယာမ်။ | ။ညဦးယာမ်။သန်းခေါင်ယာမ်(ဤနေရာ၌ ယံဟူ၍လည်း ရေးကြသည်)။ |
| ရာမ်။ | ။အာရာမ်(နှလုံးမွေ့လျော်ဘွယ်ရှိသောဥယျာဉ်)။ |

---

| | |
|---|---|
| ယား။ | ။ယားနာ၊ လင်မယား။ ယိုးဒယားပြည်၊ ဗယား အိတ်(လွယ်အိတ်)။ |
| ရား။ | ။ဘုရားတရား။တရားသူကြီး။မန္တရား။ ယန္တရား စက်။ |

---

| | |
|---|---|
| ယက်။ | ။ဘာယက် တန်ဆာ။ ဝဲဂယက်။ လက်ယက်သဲ တွင်း။ယောက်ယက်ခတ်သည်။လုယက်သည်။ |
| ရက်။ | ။နေ့ရက်။ ရက်ကန်း။ သေအရက်။ သရက်ပင်။ တောင်းဖျာရက်သည်။ ရုတ်တရက်။ ရက်စက် သည်။ |

---

| | |
|---|---|
| ယွက်။ | ။ကျမ်းယွက်သည်။ |
| ရွက်။ | ။စာရွက်။သစ်ရွက်။ နားရွက်။ ရွက်တိုင်။ ရွက် ဆောင်သည်။ခေါင်းနှင့် ရွက်သည်။ |

---

| | |
|---|---|
| ယင်။ | ။ယင်ကောင်။ယင်သွား။တန်ဆာဆင်ယင်သည်။ ပွဲသဘင်ဆင်ယင်ကျင်းပသည်။ |
| ယဉ်။ | ။ရေအယဉ်၊ ယဉ်ကျေးသည်။ |

ယာဉ်။ ။ဝေါယာဉ်။ရေယာဉ်။ မှည်းယာဉ်။ ဓိဓိတို့ ရွေ ဖြင့်သာ လျှင်ယာဉ်ရှိကုန်သည်။

ယျာဉ်။ ။ဥယျာဉ်။ ရတနာဝမ္ဗူဥယျာဉ်။

ရင်။ ။ရင်ပတ်။ ရှင်ဘုရင်။ ကရင်။ စီရင်သည်။

---

ယင်း။ ။ဤ၊သည်၊ ထို၊ ဟို၊ ယင်း၊ ၎င်း။ ယင်းသို့ဖြစ်၍။ ယင်း သို့ ဖြစ်သော ကြောင့်။ ယင်း သို့ သော အကြောင်း။

ယဉ်း။ ။ခဲယဉ်းသည်။အနုယဉ်းသည်။

ရင်း။ ။စာရင်းအင်း။အရင်းအမြစ်။အရင်းအနှီး၊ ဆွေမျိုးရင်းချာ၊ "ငါ၏ သည်းရင်း၊သိဉ္စသည်းမင်း"။ ဆိုလိုရင်း။ ရှန်းရင်းခတ်။

---

ယွင်း။ ။မှားယွင်းသည်။ချွတ်ယွင်းသည်။ယွင်းယိုသည်။

ရွှင်း။ ။တရှုရှင်းတံချူ။

---

ယှဉ်။ ။ယှဉ်တွဲ သည်။ ယှဉ်နေသည်။ စပ်ယှဉ်သည်။ ယှဉ်ပြိုင်သည်။နှိုင်းယှဉ်သည်။

ရှင်။ ။အရှင်။ရှင်ဘုရင်။"ရှင်ဖျက်ခဲ့ဖင်။"အသက်ရှင်သည်။"ရှင်"ဟုထူးခြင်း၊ပြောခြင်း။

---

ရှင့်။ ။စာရေးအစီရင်ခံပါသည်ရှင့်။

ရှဉ့်။ ။ရှဉ့်တိရစ္ဆာန်။ ငါးရှဉ့်။

---

ရှင်း။ ။ရှင်းလင်းသည်။ ကင်းရှင်းသည်။ လွတ်ရှင်းသည်။

ရှဉ်း။ ။ကျွဲတရှဉ်း။ နွားတရှဉ်း။

---

ယစ်။ ။မူးယစ်သည်။ ယစ်မျိုး။ အမျိုးမာန်ဖြင့်ယစ်သည်။

ယဇ်။ ။ယဇ်ပူဇော်သည်။

ရစ်။ ။ရစ်ဘ။ ရစ်မ။ ပရစ်။ အရစ်။ ပတ္တနှံ့ရစ်။ ရစ်ပတ်သည်။

ရာဇ်။ ။ဇေကရာဇ်။ ပဒေသရာဇ်။ ကလိင်္ကရာဇ်။ ဘာသိကရာဇ်။

---

ယည်။ ။နိဿယယည်း (နိဿျည်း)။

ရိုး။ ။အရိုး။ ဦးရိုး။ မရိုး။ ရိုးတိုးရားတား။ ခရိုးမြောင်း။ ခရိုးကွေ့။

ရည်း။ ။ဒိုးစရည်း။ ရည်းစား။

---

ရှည်။ ။အတိုအရှည်။ တာရှည်သည်။ ရှည်လျားသည်။

ရှယ်။ ။ရက်ကန်းရှယ်သည်။

---

ယတ်။ ။ပရိယတ်။

ယပ်။ ။ယပ်တောင်ယပ်သည်။ လက်ယပ်သည်။

ရှဉ့်။ ။တောရှဉ့်မင်း။
ရုတ်။ ။နုဝရုတ်ကိုးပါး။
ရုပ်။ ။အရုပ်ဒေသ။ ရုပ်ဖြစ်ရှစ်ပါး။ စရုပ်။ ရုပ်ဆိုင်းသည်။ ရုပ်တန့်သည်။
ရုသ်။ ။တောရုသ်(တဆယ့်သုံးချ)။

---

ရွတ်။ ။ရွတ်ဆိုသည်။ရွတ်ဘတ်သည်။ ရေရွတ်သည်။ အမာရွတ်။ အမဲရွတ်။
ရွပ်။ ။ရွပ်ရွပ်ချွံချွံ။ဒရွပ်ဆွဲသည်။ လူရွပ်လူပေ။

---

ယမ်း။ ။ခဲယမ်းမီးကျောက်။နွတ်ကယောင်ယမ်းသည်။ ဆွဲယမ်းသည်။ ယမ်းဖြူမြို့။
ရန်း။ ။စောင်ရန်း။လက်ရန်း။ စတုရန်း။ ခေါင်ရန်းပွင့်။
ရမ်း။ ။ခရမ်းပင်။ လူသရမ်း။ ကိုယ်လက် ရောင်ရမ်းသည်။ ရမ်းဆသည်။ ရော်ရမ်းသည်။ ပရမ်းပတာ။

---

ရွန့်။ ။တွန့်ရွန့်(အတွန့်များစွာ)။
ရှိ။ ။ကြောက်ရှိသည်။ ထိတ်ထိတ်ရှိရှိ။

---

ယွန်း။ ။"နေစက်ရှင် ဂေါယာန်ကျွန်းကို ယွန်းချေပေါ့လေး။"
ယွမ်း။ ။စောယွမ်းမင်း။

ရုပ်။ ။အရုပ်၊ ရုပ်သေး၊ ရုပ်တရား၊ တရုပ်၊ ရုပ်တွက်ခြင်း။
ရုသ်။ ။"ဝါစာဖရုသ်နှင့် ကြမ်းကြုတ်သည့်သူကို။"

---

ရွတ်။ ။ရွတ်ချသည်၊ တရွတ်ရွတ်ငိုသည်။
ရှုပ်။ ။ရှုပ်ထွေး သည်၊ နမ်းရှုပ်သည်၊ နှပ်ရှုပ်သည်၊ အရှုပ်အရှင်း။

---

ယောက်။ ။လူ တယောက်၊ ယောက်ဖ၊ ယောက်မ၊ ယောက်ျား၊ ယောက်ယက် ခတ်သည်။
ရောက်။ ။သွားရောက် သည်၊ လာရောက် သည်၊ ရက် ပေါက်ရောက်သည်။

---

ယောင်။ ။အယောင်ဆောင်သည်၊ ယောင်၍ အော်သည်၊ လူယောင်ယောင်၊ ယောင်ပေပေ။
ရောင်။ ။အရောင်အဆင်း၊ "မိုးရောင်၊ လရောင်၊ နေအဲ့ အရောင်၊ ဥာဏ်ရောင်လွှမ်းမိုး" ဝမ်းဖောရောင်သည်၊ ကိုယ်လက်မှရောင်သည်။

---

ယောင်း။ ။ဘယောင်းတိုင်၊ သစ်ယောင်း ဝါးယောင်း၊ ဖြားယောင်းသည်။
ရောင်း။ ။အရောင်းအဝယ်၊ ဈေးရောင်းသည်။

---

ယိုင်။ ။ယိမ်းယိုင်သည်။
ရိုင်။ ။နယ်ခရိုင်၊ ထီးခရိုင်။ ရိုင်ပတ်။
ရိုက်။ ။ခမ္မကရိုက်(ရေစစ်)။

---

ယိုင်း။ ။ယိုင်းပင်းကူညီသည်။
ရိုင်း။ ။အယဉ်အရိုင်း။ ရိုင်းစိုင်းသည်။ ရိုက်ရိုင်းသည်၊ "ရွတ်ရိုင်းစော်ကား၊ မပြောပြားနှင့်။"
ရိုက်း။ ။ဒွာနကရိုက်း။ ဗျာကရိုက်း။

---

ယို။ ။ယွင်းယိုသည်၊ ယိုစီးသည်။ ယိုသနပ်။
ရို။ ။ရိုသေသည်။ ပုပ်ဝပ်ရိုကျိုး။ ဖရိုဖရဲ။

---

ယို့။ ။ယို့ယို့ထိုင်သည်။ မသို့တယို့။
ရို့။ ။ကရို့ချိုးသည်၊ "ရို့ရို့" ဟု နွားကိုခေါ်သည်။

---

ယိုး။ ။ယိုးစွပ်သည်၊ ယိုးဒယားပြည်။
ရိုး။ ။အရိုး။ လူရိုးလူကောင်း။ ရိုးရော။ အမျိုးအရိုး။ ဆေးရိုး။ ကောက်ရိုး။ မြို့ရိုး။ ရိုးသားဖြောင့်မတ်သည်။

---

ယုန်။ ။ယုန်တကောင်၊ နယုန်လ၊ လင်းယုန်ငှက်။
ယုံ။ ။ယုံကြည်သည်။
ရုက်။ ။ဥဒါဟာရုက်၊ နေအရုက်။

---

**ထိ**။ ။ကမ္ဗသိ။ဝေသာသိ။အသိဇယား။သိဆယ်သည်။
မွေလိသည်။ကလိကမာ။ ပလိပလာ။

လည်။ ။လည်ပတ်သည်။ နားလည်သည်။ ဖုည့်လည်
သည်။ကျင်လည်သည်။ထိမ်လည်သည်။ လည်
ချောင်း။လည်ပင်း။ချာချာလည်။ပတ်ပတ်လည်။

လယ်။ ။အလယ်ဗဟို။ ပင်လယ်။ လယ်ယာ။

---

လီး။ ။ဆဲဆိုသောစကား။
လည်း။ ။သော် လည်း။ ပြားသော်လည်း။ သော် လည်း
ကောင်း။ဆည်းလည်း။ တော်လည်းသည်။ ရူး
လည်းသည်။
လဲ။ ။သစ်ပင်လဲသည်။ လဲလှယ်သည်။ ဖုလဲ။ လဲဝါ
ခွမ်း။တင်လဲ။

---

လု။ ။လုယူသည်။ အလုအယက်။ လုယက်သည်။ လု
လင်။
လူ့။ ။လူ့ဖြည့်။''သုံးလူ့ရှင်ပင်၊ ကျွန်ုပ်ထိပ်တင်။''
ဠု။ ။ဝေဠုဝန်ကျောင်း။ ကာဠုဒါယီထေရ်။

---

ဟိ။ ။ကြို့ဟိသည်။ ဟိဟိကင်းကင်း။
ငြိ။ ။ရုငြိအမည်။

---

လှီး။ ။လှီးဖြတ်သည်၊ လက်သည်းလှီးထား။
လှည်း။ ။တန်မြက်လှည်းသည်၊ လှည်းတစီး။

---

လတ်။ ။အလတ်စား။ အယုတ် အလတ်။ အရှင်လတ်လတ်။ ညီ အလတ်။ လတ်လတ် ဆတ်ဆတ်။ ဖျတ်ဖျတ် လတ်လတ်။ လတ်တလော။ လမ်းခုလတ်။အသားလတ်သည်၊ လတ်သော်။

လဒ်။ ။ဂဏန်းရလဒ်။
လပ်။ ။ကလပ်။ ကြာကလပ်။ တခုလပ်။ ထန်းပလပ်။ လစ်လပ်သည်၊ လွပ်လပ်သည်၊ ပလပ် သည်၊ ကြားလပ်သည်။
လာပ်။ ။ချပ်ဘလာပ် (ချပ်အပေါင်းအစု)။
လာဘ်။ ။လာဘ်လာဘ။

---

လန်။ ။ကောလန်သည်၊ လှန်၍လန်သည်၊ နှုတ်ခမ်းလန် သည်၊ ကလန်ကဆန်။
လာန်။ ။အရှင်မဟာမောဂ္ဂလာန်။
လံ။ ။အလံ။တလံ။ဝလံ။ပိုးဖလံ။ အောင်လံ။ လေးလံ သည်၊ ဝေးလံသည်၊ လိုက်လံသည်။
လမ်။ ။အလမ္ပာယ်သမား။

---

လန်း။ ။ရွှင်လန်းသည်။ မွှင့်လန်းသည်။ စိမ်းလန်းသည်။

လမ်း။ ။ပွဲလမ်း။ လမ်းခရီး။ စွဲလမ်းသည်။ စကားကြောင်းလမ်းသည်။

---

လွန်။ ။လွန်ကဲသည်။ ကျူးလွန်သည်။ ကြိုးလွန်။ တမလွန်ဘဝ။

လွံ။ ။ဝွန်ပလွံပင်။

---

လွန်း။ ။လွန်းကြောင်ငှက်။ ရက်ကန်းရက်သောလွန်း။ ကြိုးတလွန်း။ ကြိုးလွန်းပယ်လွန်းသည်။

လွမ်း။ ။လွမ်းဆွတ်သည်။ အလွမ်းအဆွေး။

---

လှန်။ ။တော်လှန်သည်။ မှောက်လှန်သည်။ အပြန်အလှန်။

လှံ။ ။လှံတံ။

လှန်း။ ။နေပူလှန်း။

လှမ်း။ ။လှမ်း၍ယူပါ။ ခြေလှမ်း။ အတမ်းအလှမ်း။ ခပ်လှမ်းလှမ်း။

---

လိင်္ဂ။ ။ဝါစာသိလိင်္ဂ(စကားပြောပြစ်ခြင်း)။

လိပ်။ ။လိပ်ကောင်။ အင်္ဂလိပ်။ လိပ်စာ။ သလိပ်။ ဆေးလိပ်လိပ်သည်။ အထည်အလိပ်။

---

လိုင်။ ။လိုင်လေးမျိုး။လိုင်ဆယ်ပါး။လိုင်ဖြန့်သည်။
လိန်။ ။မိလိန္ဒမင်း။ သဘောမာလိန်။

---

လိန်း။ ။ကသိန်းကလက်။
လိမ်း။ ။လိမ်းကျံသည်။မြှုအလိမ်းလိမ်း။

---

လုတ်။ ။ခလုတ်ဆူးငြောင့်။"ခလုတ်ထိမှ၊အမိတသည့်"။
လုတ်လုတ်လွဲလွဲ။

လုပ်။ ။အလုပ်အကိုင်။"ထမင်းတလုပ်၊တုတ်တချက်"။
ကိုယ်လုပ်မောင်းမ။ အမှုလုပ်ကျွန်။ ဟန်လုပ်
သည်။

---

ဠွန်။ ။ဂဠုန်။ ဂဠုန်နေ့။
လုံ။ ။လုံခြုံသည်။ အနှလုံ။ ပန္နိလုံ။ ဝတ်လုံ။ ဝတ်လုံ
အင်္ကျီ။လုံချည်။
လုမ်။ ။လုမ္ဗိနီဥယျာဉ်။

---

ဠွန့်။ ။ဂဠုန့်(ဂဠုန်၏)လက်သည်း။
လုံ့။ ။လုံ့လဝီရိယ။ လုံ့လပြုသည်။

---

လိုင်။ ။နွားနို့မလိုင်။
လိုဏ်။ ။လိုဏ်ဂူ။

---

လျင်။ ။ငလျင်။ လျင်မြန်စွာ။ လျင်လျားစွာ။ အလျင်စလို။ အလျင်(ရှေးဦးစွာ)။

လျဉ်။ ။ဆံလျဉ် (ဆံရင်)။

---

လျင်း။ ။ရွှေသံလျင်း။ "မြပင် စင်းလျင်း၊ ပေါင်းသွယ်ညီမင်း။"

လျဉ်း။ ။စပ်လျဉ်းသည်၊ အလျဉ်းမသင့်။

---

(လေ။ လိ။ လွဲ။ လွေ့။ လေး။ လှယ်။ လှည့်။ လွှေ့။ လွှေး။ လွတ်။ လှပ်။ သွတ်။ လန့်။ လွန့်။ လှန့်။ သွံ့။ လွှမ်း။ လိမ့်။ လှိမ့်။ လှုပ်။ လုံး။ လှုံ။ လှုံ့။ လျှ။ လျှာ။ လျှာ။ လျှူ။ လျော။ လျော့။ လျော်။ လျှော။ လျှော့။ လျှောက်။ လျှို။ လျှား။ လျက်။ လျှင်။ လျစ်။ လျည်း။ လျှပ်။ လျှမ်း။ လျောက်။ လျှောက်။ လျောင်း။ လျှို့။ လျှို။ လျှိုး—တို့တွင် မှားယွင်းစေတတ်သော ဆင်တူစာလုံးပေါင်းများကို အသုံးမပြုချေ။)

—————○()○—————

# ဝ

ဝက်။ ။ဝက်တကောင်။ ထက်ဝက်။ ခွဲဝက်သည်။

ဝဂ်။ ။"က" ဝဂ်။ "တ" ဝဂ်။ ဘာဝဂ်။

---

ဝဋ်။ ။ဝဋ်ဆင်းရဲ။ သံဝဋ်ကပ်။

ဝတ်။ ။အဝတ်ဝတ်သည်။ ဝတ်တရေး။ ဝတ်တက်သည်။

ဝပ်။ ။သေဝပ်။ပျပ်ဝပ်။ပြားပြားဝပ်။ ငြိမ်ဝပ်။ ကိန်းဝပ်သည်။ဝပ်နေသည်။

---

ဝဏ်။ ။ဥပလဝဏ်။သုဝဏ်။ဝေဿဝဏ်။

ဝန်။ ။တာဝန်။ကိုယ်ဝန်။ဝန်ထုပ်။ဝေဠုဝန်။သီလဝန်။ ပညာဝန်။ဇေတဝန်။ နန္ဒဝန်။ မြို့ဝန်။ အခွန်ဝန်။ ဝန်ထောက်။ ဝန်ခံသည်။

ဝံ။ ။လူဝံ။ဝက်ဝံ။ရှူဝံကြွယ်။ ဝံပုလွေ။

---

ဝန့်။ ။ဝန့်(ဝန်၏)။မြို့ဝန့်စာ(မြို့ဝန်၏စာ)။

ဝံ့။ ။ရဲဝံ့သည်။ဝံ့ငြားသည်။ပြုဝံ့ မပြုဝံ့။

---

ဝန်း။ ။စက်ဝန်း။နေဝန်း။ လဝန်း။ဝန်းဝိုင်းသည်။ ဝန်းရံသည်။ကျယ်ဝန်းသည်။အဝိုင်းအဝန်း။ပတ်ဝန်းကျင်။

ဝမ်း။ ။ကျောဝမ်း။ ဝမ်းဘဲ။ ဝမ်းမြောက်ဝမ်းသာ။

---

ဝှန်း။ ။ကမ္ဘာတဝှန်းလုံး။

ဝှမ်း။ ။မြစ်ဝှမ်း။တောင်ဝှမ်း။ မြစ်ကြီးဝှမ်း။

---

ဝိက်။ ။ကာရဝိက်ငှက်။ကာရဝိက်ဘောင်။

ဝိဇ်။ ။ဝိဇ္ဇာ။

ဝိပ်။ ။ဝိပ္ပတ္တိစက်။

---

ဝုစ်။ ။ဧကဝုစ်။ဗဟုဝုစ်။ သဒ္ဒါဝေဝုစ်။
ဝုတ်။ ။တဂါဝုတ်။ဝုတ်ဝုတ်(စက်သံ)။
ဝုဒ်။ ။ဝယဝုဒ္ဓ ဂုဏဝုဒ္ဓ။

---

ဝုဏ်။ ။ပရိဝုဏ်။
ဝုန်။ ။မိဂဒါဝုန်။ မဟာဝုန်။

---

(ဝိန်။ဝိန်း။ဝုန်း—တို့တွင်မှားယွင်းစေတတ်သောဆင်တူ စာလုံးပေါင်းများကို အသုံးမပြုချေ။)

—— ၀0၀ ——

# သ

သိ။ ။အသိအလိမ္မာ။သိကြား။ ကြားသိသည်။ တတ်သိသည်။ကာသိကအောက်။ ပျက်သိသိ။

သည့်။ ။"စီးသည့်ရေ၊ ဆည်သည့် ကန်သင်း"(သည့်=သော)။

---

သီ။ ။သီလ။ရာသီဥတု။သီပေါမင်း။ သီတာရေ။ သီချင်း။သီဟိုဠ်ကျွန်း။သီကုံးသည်။သီသွားသည်။ ဖားဖားသီသီ။ သီသီဝေဝေ။

သည်။ ။သွားသည်။လာသည်။ဈေးသည်။အသည်သား။ ဆတ္တသည်။ခဝါသည်။ကချေသည်။ဧည့်သည်။ ဤသည်။

---

သီး။ ။လက်သီးဆုပ်။နှုတ်သီး။နှာသီးဖျား။အသီး,သီး သည့်။အသီးသီး၊အဝဝ၊အသီးအခြား။ တသီး တဖို။ ကြက်သီးထသည်။ သီးသန့်ထားသည်။

သည်း။ ။ခြေသည်း၊ လက်သည်း။ ကသည်း လူမျိုး။ အသည်းနှလုံး။ သည်းခြေ။ အယူသည်းသည်။ သည်းညည်းခံသည်။ သည်းထန်စွာ။ သိပ်သိပ် သည်းသည်း။

---

သစ်။ ။အဟောင်းအသစ်။ သစ္စာ။ သစ်ပင်။ ကျားသစ်။
သဏ်။ ။နိသဏ်ရှတင်။
သေဋ္ဌ။ ။မြေကြီးသေဋ္ဌနင်း။
သေတ်။ ။သေတ္တာဘလုံးဝယ်ခဲ့ပါ။

---

သာဒ်။ ။ပြာသာဒ်။

သတ်။ ။သတ်ပုံသတ်ညွှန်း။ ပရိသတ်။ မွေသတ်။ သမ သတ်။ဓာတ်သတ္တု။ သတ္တဝါ။ သတ်ဖြတ်သည်။ လက်ဖွဲ့သတ်သည်။ အစသတ်သည်။ ကတ် ကတ်သတ်သတ်။ သေသေ သတ်သတ်။

သပ်။ ။လာဘ်သပ် ပကာ။ သပ်ရိုက်သည်။ ပွတ်သပ်သည်။ စမ်းသပ်သည်။ သုံးသပ်သည်။

---

သွတ်။ ။သွတ်သွင်းသည်။ ဖက်သွတ်ရေ။
သွပ်။ ။သွပ်ပြား။ ရူးသွပ်သည်။ ပေါသွပ်သွင်း။

---

သန်။ ။သန်လျက်။ သန်ကောင်။ သန်စွမ်းသည်။ ထက်သန်သည်။ သန်ဘက်ခါ။ သန်သန်မြန်မြန်။ မစွမ်းမသန်။ သန္နိဋ္ဌာန်ချသည်။
သံ။ ။အသံ။ မောင်းမဒိသံ။ အာသံပြည်။ သံသရာ။ သံတမန်။ သံဃာ။ စောလူးမင်းစီးတော်ဆင် သံမြင်ခွာ။
သမ်။ ။လှော်သမ္ဗန်။ သမ္ဗန်ပါဠိလျှောက်။
သာန်။ ။သုသာန်(တစပြင်—သချိုင်း)။

---

သန့်။ ။သန့်ရှင်း စင်ကြယ်ခြင်း။ သီးသန့် ထားသည်။ သန့်သန့်ပြန့်ပြန့်။
သံ့။ ။ရယ်သံ့သံ့ သံ့ကြားရသည်။

---

သန်း။ ။သန်းတကောင်။ သန်းခေါင်။ လက်သန်း။ သိန်းသန်း။ ကူးသန်းသည်။ ကုန်ကူးသန်းသည်။
သမ်း။ ။အိပ်ချင်၍ သမ်းသည်။

---

သွန်။ ။ကြက်သွန်။ သွန်သင်သည်။ သွန်လောင်းသည်။
သွံ။ ။သွေးသွံသည်။ ပေါ့သွံသွံ။

---

သွန်း။ ။အိသိက်သွန်းသည်။ပုံသွန်းသည်။သွန်းလောင်းသည်။ရေသွန်းပွဲ။သွန်းသံ။
သွမ်း။ ။ဆိုးသွမ်းသည်။ သော့သွမ်းသည်။

---

သိက်။ ။အိသိက်။ စေတသိက်။
သိဒ်။ ။သိဒ္ဓတ်မင်း။ ခနသိဒ္ဓိ။
သိပ်။ ။မွှတ်သိပ်သည်။ သိပ်နယ်သည်။ သိပ်သည်းသည်။ ကလေး သိပ်သည်။ သုတ သိပ္ပ။ သိပ္ပံကျောင်း။

---

သိင်။ ။သိင်္ဂနိုက်ငွေ။
သိန်။ ။သိန်ရာသီ(ဝါခေါင်လ)။ ရှင်နာဂသိန်။
သိမ်။ ။သိမ် ဒါယကာ။ ဂုဏ် သိမ်။ သေးသိမ်သည်။ သိမ်ငယ်သည်။သိမ်မွေ့သည်။သိမ်ဖျင်းသည်။ ခြေလက်သိမ်နေသည်။

---

သိန်း။ ။သိန်းသန်း။ သိန်း(သေနက)အမတ်။ သိန်းယိုဂြိုဟ်ကျွန်း။

သိမ်း။ ။သိမ်းမြို့၊ သိမ်းဆည်းသည်။ သိမ်း ယူသည်။ သိမ်းပိုက်သည်။ ရုပ် သိမ်းသည်။ ထိန်းသိမ်းသည်။

---

သုက်။ ။သုက်သွေး၊ သုက်ရည်။
သုတ်။ ။သုတ်ပိန္နည်း။မင်္ဂလာသုတ်။လက်သုတ်ပုဝါ။ထိုးသုတ်သည်။ သုတ်သင်သည်။ သုတ်လိမ်းသည်။ တသုတ်နှစ်သုတ်။နတ်သုဓာဘုတ်။သုတ်သုတ်။
သုဒ်။ ။သုဒ္ဓောဒနမင်းကြီး။
သုပ်။ ။သဘောသီးလက်သုပ်။လက်သုပ်သုပ်စမ်းပါ။

---

သုန်။ ။မြေဝသုန်။သုန်မှုန်နေသည်။
သုံ။ ။ဥသျှုံ(အလုံးပုံ--အကွင်းမရှိ)။

---

သုဉ်း။ ။အကွင်းမရှိသုဉ်းသည်(သုညသာ ကျန်သည့်)။
သုန်း။ ။ဝါးသုန်းသည်။လူမျိုးသုန်းသည်(အမှားအပြား သေသည့်)။
သုံး။ ။သုံးဆယ်သုံး။သုံးစွဲသည်။သုံးဆောင်သည်။ သိတင်းသုံးသည်။ စောင့်သုံးသည်။ အသုံးအနှုန်း။

---

သိုင်း။ ။ငါးသိုင်းချောင်း။သိုင်းဖြိုးသည်။အသိုင်းအဝိုင်း။
သျှိုက်း။ ။ကသျှိုက်းဆယ်ပါး။ကသျှိုက်းရှုသည်။

---

သို့။ ။ဖြာသိုလ၊သိုသိပ်သည်။ထားသိုသည်။သိုဝှက်သည်။

သိုလ်။ ။ကုသိုလ်။ အကုသိုလ်။ တက္ကသိုလ်။

---

(ထဲ။သဲ့။ သယ်။သိမ့်။သုံ့—တို့တွင် မှားယွင်းစေတတ်သောဆင်တူစာလုံးပေါင်းများကို အသုံးမပြုချေ။)

—oOo—

# ဟ

ဟာတ်။ ။ချွားရေဟာတ်။

ဟပ်။ ။ဝိုးဟပ်။စပ်ဟပ်သည်။ခွေးဟပ်သည်။

---

ဟာန်။ ။ပဟာန်(ပယ်ခြင်း)။တဒင်္ဂပဟာန်။

ဟန့်။ ။"ဟန့်ကိုယ်ဘို့" ဟန့်ဆောင်သည်။ ဟန့်လုပ်သည်။

ဟံ။ ။သောဘဂဝါရုတိပါအဓရုဟံ။ ရှင်အဓရုဟံ။

---

ဟန်း။ ။ရဟန်း။ရဟန္တာ။ ရဟန္တာမ။

ဟမ်း။ ။"အဟမ်း"ဟု အသံပြုခြင်း။

---

ဟိတ်။ ။ပုရောဟိတ်။ ဟိတ်ခြောက်ပါး။ အဟိတ်ခိတ်။ နိဂ္ဂဟိတ်။ဟိတ်(ဂုဏ်)ထုတ်သည်။ဟိတ်သမ္ဘန်။

ဟိန်။ ။ဗဟိဒ္ဓသန္တာန်။

---

ဟုန်း။ ။ကျားဟုန်းသည်။ မီးဟုန်းဟုန်း တောက်သည်။
ဟိုး။ ။သိမ့်ဟိုးပိုး (ကြီးဝါးသည်)။ ဟိုးနတ်။

---

ဟိုရ်။ ။ပဟိုရ်စည်။
ဟိုဠ်။ ။သိဟိုဠ်ကျွန်း။
ဟို။ ။ဗဟို(အလယ်ချက်)။ ဥဒဟို။ ထို။ဟို။

---

(ဟိ။ ဟီ။ ဟီး။ ဟန့်။ ဟိန့်။ ဟိန်း။ ဟုတ်။ ဟုန်-တို့တွင် မှားယွင်းစေတတ်သော ဆင်တူစာလုံးပေါင်းများကို အသုံး မပြုချေ။)

—၀0၀—

# အ

အိ။ ။ဘယ်အိ။ ညာအိ။ အိ၍ကျသည်။ ပျော့အိသည်။ အိပြုံးတောင်။
၏။ ။သူ၏စာအုပ်။ စား၏။ သွား၏။ ဘစား၏။
ဣ။ ။ဣတိဝါစနသမ္ဗန္ဓ။ ဣသျှုဗေဒင်။ ဣတလီပြည်။ ဣရိယာပုထ်။
ဧည့်။ ။ဧည့်သည်။ ဧည့်ဂရိသတ်။ ဧည့်ခံသည်။
အဲ့။ ။အသံအဲ့တဲ့တဲ့နေသည်။

---

အီ။ ။အဆိပ်နှင့်အအီ။ ကိုယ်လက် အီသာ ကျန်းမာသည်။ လှည်းအီသံ။ မအီမသာ။

အဦး။ ။"အဦး"ဟု ဆိုခြင်း။

အငြှ။ ။အငြှ(ရှစ်)။ အငြှမတန်း။

အပ်။ ။ပြုအပ် (သင့်)သည်။ အပ်တစင်း။ အပ်နှံထားသည်။ တပ်အပ်သေချာစွာ။ မောင်ရွှေအပ်။

အွတ်။ ။"အွတ်အွတ်"ဟု ကြက်တွန်ခြင်း။

ဩပ်။ ။ဟိုရိဩဇာပ်။ ဩဇာဗ။

အန့်။ ။အော့အန့်သည်။ ကြွေအန့်ကစားသည်။ အန့်ဆ ၁။

အုံ။ ။စားပွဲအုံ။ အုံသွား။ အုံတုသည်။ အုံအားသင့်နေသည်။

အိတ်။ ။ဆန်အိတ်၊ ပေါင်းအိတ်။ ဗလားအိတ် (လွယ်အိတ်)။

အိပ်။ ။အိပ်သည်။ ဝင်းသင်းအိပ်ဖန်။ အအိပ်အနေ။

ဥုတ်။ ။"ဥဿဝက်"။နဒီဝက်"။ဥဿလိုင်။

ဥုဒ်။ ။တန်ခိုးဥဒ္ဒိပါတ်။

အိန်။ ။စောလကွန်းအိန်အမတ်။

အိမ်။ ။အိမ်တဆောင်။ နှောင်းအိမ်။ အိမ်ပြောင်။ အိမ်ထောင်ပြုသည်။ နေ(လ)အိမ်ဖွဲ့သည်။

ဥာန်။ ။ဥာဏ်ကြွေး။

---

ဥစ်။ ။ဥစ္စာပစ္စည်း။ ဥက္ကာ(မြင့်ခြင်း)။

အုတ်။ ။အုတ်ခဲ။ အုတ်ကြွပ်။ သောသော အုတ်အုတ်။ အုတ်အုတ် ကျက်ကျက်။ မန္တာန် ခုနစ်အုတ်။

အုပ်။ ။အုပ်ရှစ်သီး။ အအုပ်အခရု။ ဖိတ်အုပ်။ ကုလား အုပ်။ ဖုံးအုပ်သည်။ အုပ်စိုးသည်။ အုပ်ထိန်း သည်။ လက်အုပ်ချီသည်။

ဥ။ ။ဥဩဒုက်။

---

အုံ။ ။ပျားအုံ။ နားအုံ။ တဲအုံ ကန္တား။ ယင်အုံသည်။ ခေါင်းအုံသည်။ဆေးအုံပါ။

ဥုံ။ ။ဥုံ-ဟုမန်းမှုတ်ခြင်း။

---

အုန်း။ ။အုန်းပင်။ "အုန်းအုန်း" ဟု မြည်သံ။

အုံး။ ။ခေါင်းအုံး။မိုးအုံး။ "မိုးအုံးသောကြာင့်ညွှန့်တဲ့သို့"။

---

(ဥ။ အူ။ ဦး။ အုံ။ အမ်း။ အိမ့်။ အုံ —တို့တွင် မှားယွင်းစေ တတ်သော ဆင်တူ သေလုံးပေါင်းများကို အသုံးမပြုချေ။)

—— ၀၀၀ ——

## ဆရာတို့အား အကြံပေးချက်။

မြန်မာစာလုံးပေါင်းသည် အဓိပ္ပာယ်ကို လိုက်၍သော် သည်းကောင်း၊ ဓာတ်ရှိသော အသံကို လိုက်၍သော်လည်းကောင်း။ တခါတရံ ထူးခြားသော ရေးထုံးရေးနည်းကိုလိုက်၍သော်လည်းကောင်းမှားယွင်းတတ်၏။ မှားယွင်းချက်များကို,ဆရာတို့ကသတိနှင့်ဆင်ခြင်၍။အခါ နေရာနှင့်လျော်စွာ အဘယ်ကြောင့်မှားယွင်းကြောင်း,အဘယ်ကဲ့သို့မှန်ကန်စွာ ရေးသားရမည့် အကြောင်းတို့ကို။ တပည့်တို့အား ထုတ်ဘော်ပြောဆိုပြီးနောက်၊ သေချာစွာ မှတ်သားထားစေရာသည်။

ကဲ့—ခဲ့။ ။ဤစကားနှစ်ရပ်ကို ကြိယာနှင့်တွဲသုံးသော အခါ လွန်စွာမှားယွင်းလေ့ရှိ၏။ မှားယွင်းခြင်းအကြောင်းကား-ကဲ့-ကို,နှိုင်းယှဉ်ရာ။ဥပမာပြရာ၌သုံးကြောင်း။ခဲ့ ကို, တရံတရာပြုခဲ့ဖြစ်ခဲ့၊ သို့မဟုတ်, ပြုလတံ့ ဖြစ်လတံ့သော အကြောင်းကို ပြရာ၌ သုံးကြောင်းကို မသိသော ကြောင့် ဖြစ်ရာ၏။ဥဒါဟရဏ်ကိုကြည့်ရှုဆင်ခြင်လေ—မောင်မင်း။ သူကြိုးစား သကဲ့သို့ ကြိုးစားပါ။ ထိုသို့ ကြိုးစား ခဲ့လျှင် စာမေးပွဲကိုမုချအောင်မြင်မည်သာတည်း။

ကြင်နာ—ကျင်နာ(နာကျင်)။ ။ဟူသောစကားနှစ်ခုကို မှားယွင်းခြင်း ပြုလေ့ ရှိပြန်၏။ အကြောင်းကို ရှာသော်—

ကြင်နာ-ကို, သနားကရုဏာရှိကြောင်း။ ကျင်နာ(နာကျင်)ကို, တစုံတခုကို ထိခိုက်၍ နာအောင် ကျင်အောင် ပြုကြောင်းတို့၌အသုံးပြုသည်ကိုမသိ၍ မှားယွင်းဟန်ရှိ၏—ဥဒါဟရဏ်ကို စဉ်းစားလေ—သူတပါးကို သနားကြင်နာရာ၏။ ကျင်နာ(နာကျင်)အောင်မနှိပ်စက်ရာ။

မျှော်—မြော်။ ။တို့ကိုအသုံးပြုရာ၌မှားယွင်းတတ်ပြန်၏။ အဘာယ်ကြောင့် ဆိုသော်—မျှော်-သည်(မျက်စိဖြင့် ဝိုက်၍ကြည့်ခြင်း)။မြော်-သည်ဥာဏ်ဖြင့်ဆင်ခြင်၍ ကြည့်ခြင်း)၌သုံးကြောင်းကိုမသိသောကြောင့်ပင်ဖြစ်ရာ၏-ဥဒါဟရဏ်ကို ရှုကြည့်လေ—ဦးမင်း, ဦးမင်းလာမည်ဆို၍ ကျွန်တော်အိမ်ရှေ့က မျှော်နေသည်၊ ကျွန်တော် ယခုနှစ် စာမေးပွဲ၌ပဌမဆုရမည့်ဟု မြော်လင့်ပါသည်။

ပဟိုရ်—ဗဟို။ ။တို့၏အသုံးကို မှားတတ်ကြပြန်၏။ အဘာယ်ကြောင့် နည်းဟူမူကား—ပဟိုရ် သည် (ပဟာရ-တီးခတ်ခြင်း)။ ဗဟို သည်(အလယ်)ဖြစ်ကြောင်းကို မသိသောကြောင့် ဖြစ်လိမ့်မည်—ဥဒါဟရဏ်ကို ရှုပြုလေ—ပဟိုရ်စည်သည် နန်းတော်၏ဗဟိုလယ်၌ရှိ၏။

ဥစ္စာစီးပွား။ စည်းစိမ်ဥစ္စာ။ ။လှိုင်းတံပိုး။ လှည်းထမ်းပိုး။ ။ပွားလျားကျသည်။ အတိုးအပွား။ မွေးဘွား

သည်။ ဘွားဘက်တော်။ ။ပိုက်ဖက်သည်။ဖြစ်တဘက် ကမ်း။ ။ဖောက်ပြန်သည်။ဖောက်ထွက်သည်။ ဘောက် ကားရောင်းဝယ်သည်။ ။မယုံသင်္ကာ။သင်္ဃာတော်မြတ်။ ။ အဝတ်သင်္ကန်း။နေရာသင်္ခမ်း။စာသင်ခန်း။သင်္ချင်းစာ။ ။ သဒ္ဒါကျမ်း။ သဒ္ဒါ တရား။ ။သတင်းစာ။ သိတင်းနေ။ သိတင်းကျွတ်လ။ ကျော်စော သိတင်း။ အမျိုး အခ ဆင်း သိတင်းသုံးဖြာ။ ။တရားအလျောက်ပြုပါ။လျှောက်လွှာနှင့် လျှောက်ထားပါ။လမ်းလျှောက်ပါ။ ။လျင်မြန်စွာ။အလျင် အမြန်။အလျင်စလို၊မိုးလင်းလျှင်ရေချိုးပါ။ လူတယောက် လျှင် ဆုတခုရသင့်သည်။ ။သင့်လျော်သည့်အခါဦးခေါင်း ဆေးလျှော်ပါ။ ။အစ ရှိသည့် များစွာသော စာလုံးပေါင်း တို့ကိုလည်း။မှားယွင်းတတ်သောအကြောင်းကိုအလေးယူ၍။ အမှန်သို့ ရောက်နိုင် ကြမည် ဖြစ်သည်ကို။ ဆရာတို့အား သတိပြုစေလိုလှပါသတည်း။

...ကြိုး ဇူ-နိုဝါဘာ အောင်ဗင်းလမ်း...
...ကြီးတွင်။ ကျောင်းသုံးစာ...
...နှင့် ဖြစ်စေ၊ သာရောင်း၏ ...
ဝယ်ယူနိုင်ပါသည်။

Key to Stories from the Arabian Nights. ... 0
Model Questions and Answers for Std. VII, Part I English ... 0
Model Questions and Answers for Std. VII, Part II Burmese ... 0
Key to New English Reader for Std. III, Part I. ... 0
Key to New English Reader for Std. III, Part II. ... 0
Key to New English Reader for Std. IV, V, VI, each ... 0
A Short Geography of Burma made easy ... 0
A Short Geography of India ... 0
A Short Geography of Asia ... 0
A Short Geography of Africa. ... 0
A Short Geography of America in the Press
A Short Geography of Europe. ... 0
A Short Geography of Australia in the Press
မဲဘားသခါဝတ္ထုဖြတ်ရှင့်မေးခွန်းများ။ ... 0
ဝေသန္တရာဝတ္ထုဖြတ်ရှင့်မေးခွန်းများ။ ... 0
မဟာဇနကဝတ္ထုဖြတ်ရှင့် မေးခွန်းများ။ ... 0
ချဉ်ဝင်ဆင်းထောက်သာလေ့ဖြတ်ရှင့် မေးခွန်းများ။ ...... 0
မြန်မာ...ပေါင်းချုပ်အဖြေ။ ... 0
...မြင်းနှင့် ဝဝိကိုဖြစ်။ ... 0
... ပေါင်းလင်း...
...ဖြေ။ ...ကြိုး ...

အများသုံး ... စာကြည့်တိုက်
အများသုံး ... စာကြည့်တိုက်